ကံပုလဲကျေးရွာ

ကလေးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် VDP (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကံပုလဲကျေးရွာ၊ ကလေးမြို့နယ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၁၉ခုနှစ်၊ ဇွန်လ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ	
		မှ	ထိ
	စကားချီ	၁	
	ကံပုလဲကျေးရွာ၏ အရင်းအမြစ်ပြမြေပုံ၊ကလေးမြို့နယ်		
၁	**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်**	၂	
	ရည်ရွယ်ချက်		
၂	**ကျေးရွာပထဝီအနေအထားနှင့် သဘာဝသံယံဇာတအရင်းအမြစ်**	၂	၃
	(က) တည်နေရာ၊ ရာသီဥတု၊ မြေမျက်နှာသွင်ပြင်အနေအထား		
	(ခ) သဘာဝအရင်းအမြစ်		
၃	**ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**	၃	၄
	(က) လူဦးရေဆိုင်ရာအချက်အလက်များ		
	(ခ) စီးပွားရေးအခြေအနေ(ဝင်ငွေ၊ ပိုင်ဆိုင်မှု)		
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု		
	(ဃ) ကျန်းမာရေးနှင့် အဟာရ ရရှိမှု		
	(င) ပညာရေးနှင့် ကျွမ်းကျင်မှု		
	(စ) ကျား၊မ ဆိုင်ရာ ဆက်နွယ်မှု		
၄	**ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**	၅	၇
	(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု		
	(ခ) သီးနှံ၊ သားငါးထုတ်လုပ်မှု		
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော သက်မွေးဝမ်းကျောင်း		
	(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု		
	(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု		
	(စ)ပညာရေး၊ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး		
	(ဆ) လူငယ်များနှင့် ယဉ်ကျေးမှု		
	(ဇ) အခြေခံအဆောက်အဦ ၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား		
	(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး		
၅	**ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှု**	၇	၈

	(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေ		
	(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု		
၆	**ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်မဟာဗျူဟာ**	၉	
	(က) ဖွံ့ဖြိုးရေးပန်းတိုင်		
	(ခ) အကောင်အထည်ဖော်နည်းဗျူဟာ		
၇	**စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**	၉	၁၀
	(က) ဦးစားပေး စီမံချက်များ		
	(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ		
	နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ		
	(က) လူမှုစီးပွားရေးအခြေအနေ		
	ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်		
	ဇယား (၂) အလုပ်သမားအင်အားနှင့် ဝင်ငွေရလုပ်ငန်း		
	ဇယား (၃) လုပ်ငန်းနှင့် ကျား/မ လုပ်အားခ နှုန်းထား		
	ဇယား (၄) စိုက်ပျိုးနိုင်သော မြေဧရိယာ		
	ဇယား (၅) ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်		
	ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ		
	ဇယား (၇) ဝမ်းစာဖူလုံမှု		
	ဇယား (၈) ကူညီစောင့်ရှောက်မှုလိုအပ်အုပ်စု		
	ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်မှု		
	ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သူများ		
	ဇယား (၁၁) ထိခိုက်သက်ရောက်မှုခံရနိုင်သူများ		
	ဇယား (၁၂) ကဏ္ဍအသီးသီးတို့၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ လူထုအဖွဲ့အစည်း		
	ဇယား (၁၃) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်သော ပြင်ပအဖွဲ့အစည်း		
	ဇယား (၁၄) အစိုးရနှင့် ပုဂ္ဂလိကရေ အရင်းအမြစ်မှ ရေသွင်းနိုင်သည့် ဧရိယာ		
	ဇယား (၁၅) အဓိကသီးနှံနှင့် အထွက်နှုန်း		
	ဇယား (၁၆) လယ်ယာသုံးစက်ကရိယာများ		
	ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန် အခွင့်အလမ်း		
	ဇယား (၁၈) သီးနှံထုတ်လုပ်ရာ၌ ကြုံတွေ့သည့်အခက်အခဲပြဿနာ		
	ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု		

	ဇယား (၂၀) မွေးမြူရေး၊ သားငါးထုတ်လုပ်မှု တိုးတက်စေရန် အခွင့်အလမ်း		
	ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်ရေးပြဿနာနှင့် စိန်ခေါ်မှု		
	ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ		
	ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော သက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲ		
	ဇယား (၂၄) ရွှေ့ပြောင်းလုပ်သားများ		
	ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်း		
	ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ		
	ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်၊ လက်လှမ်းမှီအခြေအနေ		
	ဇယား (၂၈) ငွေကြေးလက်လှမ်းမှီမှု၊ ဘဏ်လုပ်ငန်း		
	ဇယား (၂၉) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှု		
	ဇယား (၃၀) ပညာရေးနှင့် စာတတ်မြောက်မှု		
	ဇယား (၃၁) အတန်းတိုင်းရှိ ကျောင်းတက်နှုန်း		
	ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေဝန်ဆောင်မှု		
	ဇယား (၃၃) ညာရေးအခက်အခဲနှင့် ပြဿနာ		
	ဇယား (၃၄) ကျန်းမာရေးနှင့်အဟာရ		
	ဇယား (၃၅) ကာကွယ်ဆေးထိုးနှုံမှု		
	ဇယား (၃၆) ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှု		
	ဇယား (၃၇) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး		
	ဇယား (၃၈) သန့်ရှင်းရေးအခြေအနေ		
	ဇယား (၃၉) ကျား/မ ရေးရာ		
	ဇယား (၄၀) ကျေးရွာလမ်းတည်ရှိမှုအခြေအနေ		
	ဇယား (၄၁) ကျေးရွာတံတားတည်ရှိမှု		
	ဇယား (၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး		
	ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ		
	ဇယား (၄၄) လျှပ်စစ်မီးရရှိမှု		
	ဇယား (၄၅) ဆက်သယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ		
	ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ		
	ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှုအထောက်အကူလက်လှမ်းမှီမှု		
	ဇယား (၄၈) မှုခင်းဖြစ်ပွားမှုအခြေအနေ		

စကားချီ

ကလေးမြို့နယ် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈–၂၀၁၉ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၀–၂၀၂၃ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်သည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများတွင်ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကံပုလဲကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းရပ်များကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို နားလည်မှုအားနည်းနေပါသည်။ ပြည်သူလူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းလမ်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ညှိနှိုင်းဆွေးနွေးအဖြေရှာကြရာ၌ ကူညီပံ့ပိုးပေးသည့်အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးသည်။ အဆိုပါလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးလက်ဖွံ့ဖြိုးရေးအစီစဉ်ရေးဆွဲရာ၌ ကိန်းဂဏာန်းများနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ၎င်းပြင် ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ရှိဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းမွန်စွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏာန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်၍ လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်ရောက်တွင် လုပ်ငန်းတိုးတက်မှုနှင့်ပေါ်ပေါက်လာသည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားပါမည်။

ဤဖွံ့ဖြိုးရေးစီမံချက်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျော်လင့်ပါသည်။ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုနှင့်လုပ်ငန်းအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့ယုံကြည်ပါသည်။

ဤစီမံချက်တွင် အပိုင်း(၂)ပိုင်း ခွဲ၍ ဖော်ပြပါသည်။ ပိုင်း(က)တွင် ဖွံ့ဖြိုးရေးဂေဟာနှင့်လုပ်ငန်းအစီအစဉ်စသည်တို့ပါဝင်ပါသည်။ ယင်းအစီအစဉ်အရ–

၁။ အကောင်အထည်ဖော်မည့်ဗျူဟာ
၂။ ဦးစားပေးလုပ်ငန်းအစီအစဉ်များ


အပိုင်း(ခ)တွင်–

၁။ စီမံကိန်းဆိုင်ရာအချက်အလက်အကြောင်းအရာများ
၂။ အဆိုပြုစီမံကိန်းလုပ်ငန်းရပ်များ၏ အသေးစိတ်အချက်အလက်များတို့ ထည့်သွင်းပါဝင်ပါသည်။

ဩဂုတ်လ၂၀၁၈ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကံပုလဲကျေးရွာ၊ကလေးမြို့နယ်


= ကွန်ကရစ် တံတား
= သစ်သား တံတား
= ရွာစည်းရိုး
လယ်ကွင်း
= လူနေ အိမ်များ
= ကျေးလက်ကျန်းမာရေးဌာနခွဲ
= စာသင်ကျောင်း
= ဘုန်းကြီး ကျောင်း
= နတ်စင်
= မြောင်း
= လမ်းမကြီး
= ရွာတွင်း လမ်း
နတ်စင်

အပိုင်း(က)

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီစဉ်

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိပါသည်။

ကျွန်ုပ်တို့ပထမဆုံးဖြစ်သော ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲခြင်းဖြစ်သည်။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆွဲရေးကိန်းဂဏန်းများသတင်းအချက်အလက်များပြုစုရန်အရေးကြီးကြောင်းသိရှိရပါသည်။ ၎င်းပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့်ဌာနဆိုင်ရာများစသည်တို့ထံမှလည်း လိုအပ်သော ကိန်းဂဏန်းများ၊ သတင်းအချက်အလက်များရယူခြင်းသည် ဤကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန်လိုအပ်မည့် နည်းပညာများရရှိရန် အရေးကြီးကြောင်း သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိစီးပွားရေးအခြေအနေ၊ လူမှုရေးအခြေအနေ၊ ကြုံတွေ့နေသော ပြဿနာနှင့်ပြဿနာ၏ အရင်းခံအချက်၊ ဖွံ့ဖြိုးရေးကိုအပံ့ပိုးပေးသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များလာမည့် (၅)နှစ်တာကာလ အပြီးတွင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များနှင့် ရည်မှန်းချက်များနှင့် ရည်မှန်းချက်များရရှိရန် ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာစသည်များ ရှင်းလင်းစွာဖော်ပြထားပါသည်။ ထို့မျှမက ဦးစားပေးလုပ်ငန်းဆောင်ရွက်ရာ၌ လိုအပ်သော အချက်များနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများစသည်တို့၏ အာရုံစူးစိုက်မှုများရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာပြင်အနေအထား

ကံပုလဲကျေးရွာသည် ကလေးမြို့၊မြို့သာရပ်ကွက်၏အရှေ့ဘက်တွင် တစ်ဆက်တည်းတည်ရှိပြီးသွားလာရလွယ်ကူသည်။ ကျေးရွာသည်မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ

စိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။ ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ (၄၀)အောက်ရှိပါသည်။ ဧီးချောင်းမကြီးမှသွယ်တန်း ယူထားသောလယ်ရေသွင်းမြောင်းမှာ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုပါသည်။မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်ရာလယ်ယာမြေများတွင်စပါး၊ ပဲမျိုးစုံနှင့်နှမ်း၊ နေကြာများ စိုက်ပျိုးနိုင်သည်။

(ခ) သဘာဝအရင်းအမြစ်

ဤကျေးရွာသည် ဧီးချောင်းမှသွယ်တန်းဖောက်လုပ်ထားသော လယ်ရေသွင်းမြောင်းရေသည်စိုက်ပျိုးရေးအတွက်အကျိုးပြုပါသည်။ ကျေးရွာတွင်လယ်ယာမြေအသင့်အသင့်ရှိပြီး မြေဆီမှာကောင်းမွန်သည်။ လယ်ယာ မြေများတွင် မိုးစပါး၊ ပဲအမျိုးမျိုးကိုအဓိကစိုက်ပျိုးကြပါသည်။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများ မထွက်ရှိပါ။ သဘာဝတိရစ္ဆာန်မျိုးစိတ်များ မထွက်ရှိပါ။ နွားစာအတွက် မြက်များကို လယ်ကန်သင်းများ၌သာ အလွယ်တကူရရှိနိုင်သည်။စားကျက်မြေသီးသန့်မရှိပါ။ ဆေးဘက်ဝင်အပင်များ အဖြစ် သာမန်တွေ့ရများသောအပင် များသာရှိသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ဤကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၂၂)ရှိရာ ကျား(၄၆၂)နှင့် မ(၅၁၄)ပေါင်း လူဦးရေ (၉၇၆)ဦး ရှိပါသည်။ တစ်အိမ်ထောင်လျှင်ပျမ်းမျှ (၄.၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်းထား(၅) ဦးထက် (၀.၆)ဦးနည်းပါသည်။ ကျေးရွာတွင် ဗမာလူမျိုး အများစုနေ ထိုင်ကြသည်။ ချင်းလူမျိုးများလည်း အနည်းငယ်နေထိုင်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှု

ကျေးရွာလူထု၏ အဓိကဝင်ငွေလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာမှုအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏(၁၀.၃%)သည် အဆင်ပြေသောအိမ်ထောင်စု၊ (၃၅.၄၇%)သည် အလယ်အလတ်အဆင်ပြေသော အိမ်ထောင်စု၊ (၅၄.၅၀%)သည် အဆင်းရဲဆုံးဟူ၍ မှတ်ယူရပါသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လယ်ယာသုံး စက်ကိရိယာပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် စီးပွားရေးအနေအထားမှာ ကောင်းမွန်သည်ဟု သတ်မှတ်လို့ရပါသည်။ ချမ်းသာသော လယ်သမားအိမ်ထောင်စုများအပြင် အခြားလယ်သမားအိမ်ထောင်စုများမှာလည်း လက်သမား၊ပန်းရံ၊ဆန်ကြိတ်၊ဆီကြိတ်၊ဆိုင်ကယ်ပြင်စသော အသေးစားလုပ်ငန်းများလည်း ဆောင်ရွက်ကြပါသည်။ယင်းတို့အနက် ဆင်းရဲသည့်အိမ်ထောင်စုမှာ ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်မျှသာပိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများနှင့်မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။မြေယာမဲ့အိမ်ထောင်စု (၁၁၉)စုရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ဤကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ နှစ်ပုံတစ်ပုံခန့်ရှိသော်လည်း ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင်အဓိကလုပ်ကိုင်ကြပြီး ဆောက်လုပ်ရေးလက်သမားလုပ်ငန်း၊လက်လီစျေးရောင်း၊ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်း၊ ဆန်ကြိတ်စက်၊ ဆီကြိတ်စက်လုပ်ငန်းစသည်တို့တွင်လည်း လုပ်ကိုင်ကြသည်။ ချေးငွေနှင့် ပတ်သက်၍ ပုဂ္ဂလိက ငွေချေးလုပ်ငန်းများ၊ ကျေးရွာသမဝါယမအသင်းနှင့် အစိုးရစိုက် ဘဏ်မှရရှိကြသည်။ ချေးငွေများကိုအသုံးပြုရာတွင် စားသုံးရန်နှင့်ကျန်းမာရေးကိစ္စရပ်များနှင့် လုပ်ငန်း အတွက် ရင်းနှီးမြှုပ်နှံအသုံးပြုလေ့ရှိသည်။

ထိခိုက်လွယ်သက်ရောက်မှုအမျိုးအစားတွင် စားနပ်ရိက္ခာမဖူလုံမှုကိုသာ အသင့်အတင့်အနေအထားတွေ့ရသည်။ ရာသီဥတုဘေးဒဏ်ကြောင့် ရေကြီးရေလျှံမှုလည်း ရှိပါသည်။ ထိခိုက်သက်ရောက်မှုခံရနိုင်သည့် သူများအတွက် အုပ်စုအလိုက်ခွဲခြားသတ်မှတ်ရာတွင်လည်း ထိခိုက်သက်ရောက်မှုနိမ့်နေသေးကြောင်း တွေ့ရသည်။လူငယ်လူရွယ်များထဲမှ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်အရက်သေစာသောက်စားမှုများ အလွန်နည်းပါးသောကြောင့် ထိခိုက်သက်ရောက်လွယ်မှုနိမ့်ကျသည်။

(ဃ) ကျန်းမာရေးနှင့် အဟာရရရှိမှု

ရွာသူ/သားအများစုသည် သာမန်အားဖြင့်ကျန်းမာရေး ကောင်းမွန်ကြပါသည်။လူရွယ်၊သက်ကြီးပိုင်းအများစုမှာလည်း တကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင့်များ အသင့်သင့်ရှိကြပါသည်။ကျေးရွာတွင်ကျေးလက်ဆေးပေးခန်းမရှိသော်လည်း (၁)မိုင်ခန့်အကွာတွင် တိုက်နယ်ဆေးရုံရှိသဖြင့် ရွာသူ/ရွာသားများအတွက် အဆင်ပြေပါသည်။

ကျေးရွာတွင်သောက်သုံးရန် တွင်းကျယ်၊ လက်နှိပ်တုံကင်တွင်း၊ မော်တာသုံးရေတွင်းတို့မှရေကိုလုံလောက်စွာရရှိနိုင်ပြီး ဝမ်းပျက်ဝမ်းလျှောသွေးလွန်တုပ်ကွေး၊ ဌက်ဖျားစသောရောဂါ ဖြစ်ပွားမှုနည်းပါးကြောင်းတွေ့ရ ပါသည်။

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်တန်းမှာ အတော်အသင့်မြင့်မားကြောင်း တွေ့ရသည်။ အများစုသည် အခြေခံအရေး၊ အဖတ်တက်မြောက်ကြပြီးဘွဲ့ရအရေအတွက်(၃၄)ဦး ရှိပါသည်။ကျေးရွာတွင် မူလတန်းမှ အလယ်တန်းထိ တက်ရောက်နိုင်ပါသည်။ အထက်တန်းကျောင်းပညာကို ကလေးမြို့တွင် တက်ရောက်ရပါသည်။

သက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများ အသင့်အသင့်ရှိပါသည်။ လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့်အလုပ်အကိုင် အခွင့်အလမ်းများလည်းရှိပါသည်။

(စ) ကျား/မ ဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာတွင်ကျား/မဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်မှုရှိသည်။ကျားနှင့်မကြားပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမရှိပါ။ အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များအတွင်း အခွင့်အရေးတူညီစွာခံစားနိုင်သည်ဟု ယေဘုယျ ပြောနိုင်သည်။ ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်း၊အလယ်တန်းနှင့် အထက်တန်းများရှိ ကျား/မအရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာအမျိုးသားများနှင့် အတူတူပင်ဖြစ်သည့်။မိသားစုတွင် ကျား/မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်အတိုင်းလိုက်နာကျင့်သုံးကြပါသည်။အလုပ်ဝင်ရောက်လုပ်ကိုင်ရာ၌ နေ့တွက်လုပ်အားခတွင် အမျိုးသားများကသာမန်အားဖြင့် ပိုရသည်။ ဆိုလိုသည်မှာ လုပ်အားသဘာဝနှင့်အင်အား စိုက်ထုတ်ရမှုတူညီသော်လည်းအမျိုးသမီးများသည်အမျိုးသားများထက် လုပ်အားခလျော့နည်းပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၌ အမျိုးသမီးပါဝင်မှုအသင့်အတင့်ရှိပြီး ကျား၊မတန်းတူညီမှုနှင့် ဖွံ့ဖြိုးမှုအတွက်ပိုမို၍အထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ဤကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၄)ဖွဲ့၊ ယဉ်ကျေးမှုနှင့်ဘာသာရေးဆိုင်ရာအဖွဲ့(၂)ဖွဲ့နှင့် စီးပွားရေးဆိုင်ရာ(၁)ဖွဲ့တို့ရှိပါသည်။ လူမှုရေးအဖွဲ့တွင်ကျေးရွာ၏လူမှုရေး၊သာရေး၊နာရေး ကိစ္စများအတွက် ဈေးဝယ်ခြမ်းရေး၊ချက်ပြုတ်ရေး၊ကျွေးမွေးရေးစသောလုပ်ငန်းအမျိုးအစားအလိုက် တာဝန်ခွဲဝေဆောင်ရွက်ရပါသည်။ပရဟိတအသင်းကိုလည်း ကျေးရွာမှလူကြီးတစ်ချို့၊ လူလတ်တစ်ချို့တို့က ဦးဆောင်ပြီးလူငယ်လူရွယ်များ ပါဝင်ဖွဲ့စည်းထားကာ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများကို ဆောင်ရွက်လျက်ရှိပါသည်။

(ခ) သီးနှံသားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်စပါးနှင့်ပဲသီးနှံမျိုးစုံ စိုက်ပျိုးကြသည်။ မိုးစပါး၏က(၃၀၂)ရှိပြီး သီးထပ်အဖြစ်နှမ်းစိုက်ပျိုးကြသည်။ မိုးစပါးတစ်၏ကျပမ်းမျှ အထွက်နှုန်း (၈၀)တင်း၊ ပဲနီတစ်၏ကျပမ်းမျှ (၄၀)တင်းနှုန်းထွက်ကြသည်။ကျေးရွာတွင်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစပါးစိုက်ပျိုးထုတ်လုပ်ရေးအတွက် ဆောင်ရွက်ခြင်းများရှိသည်။သီးနှံစိုက်ခင်းများတွင်ယခုနှစ်များကာလ စပါးဖျက်ပိုးနှိမ်နှင်း နည်းစနစ်နှင့် ဆေးဝါးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သကဲ့သို့ ဆောင်ရွက်မှုများလည်းရှိပါသည်။

ကျေးရွာတွင် လက်ထွန်စက်အပိုင်မရှိသည့် တောင်သူများသည်ဌားရမ်းထွန်ယက်ကြရာတွင် တစ်၏ကလျှင် ကာလပေါက်ဈေး(၆၀၀၀၀)ကျပ်ဝန်းကျင်ပေးဌားရကာ ဌားရမ်းခဈေးနှုန်းကြီးမြင့်မှုကို ရင်ဆိုင်ရသည်။ထို့ကြောင့်ဌားရမ်းခဈေးနှုန်းသက်သာစွာ ဌားရမ်းရေးအတွက် လိုလားနေကြသည်။

ကျေးရွာတွင်ဝက်မွေးသူ အိမ်ထောင်စု(၇၀%)ဝန်းကျင်ရှိပြီးတစ်အိမ်လျှင်(၁)၊(၂)ကောင်မျှသာမွေးမြူကြသည်။အိမ်ကြက်ကို ဟင်းစားအဖြစ် တနိုင်တစ်ပိုင်မွေးမြူကြသည်။ရာသီအလိုက်ဖြစ်ပွားသောတိရစ္ဆာန်ရောဂါများ ရံဖန်ရံခါကျရောက်တတ်သည်။မွေးမြူရေးကို စီးပွားဖြစ်မွေးမြူသူမရှိပါ။ ကျေးရွာတွင် ငါးမွေးမြူရေး လုပ်ကိုင်သူတစ်ဦးသာရှိပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်း

ကျေးရွာတွင်အခြားဝင်ငွေရလုပ်ငန်းများမှာနေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ပန်းရံ၊လက်သမား၊ဈေးရောင်း၊ယက္ကန်းလုပ်ငန်း၊အစိုးရဝန်ထမ်းတို့ လုပ်ကိုင်ကြသည်။ လုပ်ငန်းအမျိုးအစားအလိုက် ဝင်ငွေကွာခြားပါသည်။ပန်းရံ၊လက်သမားများ၏ ဆရာအဆင့် လုပ်အားခမှာ တစ်နေ့လျှင် (၈၀၀၀) ကျပ်ရနိုင်ကြသည်။ အလုပ်သင်စလုပ်ကြသူများမှာ တစ်နေ့လျှင်လုပ်အားခ ၄၀၀၀ကျပ်မှ၅၀၀၀ကျပ်အထိ ရရှိကျသည်။လုပ်အားခရရှိမှုနှုန်းမှာ ကျားနှင့်မ တူညီသော်လည်း ကျားလုပ်အားခက အမြဲတမ်းလိုလိုပိုနေတတ်ပါသည်။

ကျေးရွာတွင်အလုပ်လုပ်နိုင်သူများပြားပြီး လူ့အရင်းအမြစ်အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။ မြို့နှင့်နီး၍ အသက်မွေးဝမ်းကျောင်းနည်းပညာရရှိနိုင်မှု လွယ်ကူပါသည်။ အိမ်တွင်းလုပ်ငန်း အချို့ရှိသောကြောင့်လုပ်ငန်းတိုးချဲ့နိုင်လျှင် အကျိုးအမြတ်တိုးပွားနိုင်သည်။ သို့သော်လည်း ၎င်းအတွက်လိုအပ်သော အရင်းအနှီး လုံလောက်မှု မရှိပါ။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတည်ရှိရာဒေသသည် မြေနိမ့်ပိုင်းတွင်ရှိသောကြောင့် မိုးရာသီရောက်သည့်အခါတွင် ရေကြီးရေလျှံမှုအချိန်မရွေးကြရောက်နိုင်၍ လယ်ယာမြေနှင့် ရွာအတွင်းရေဝင်ရောက်မှုကြောင့် သီးနှံပျက်စီးမှုအန္တရာယ်ကြုံရတတ်ပါသည်။စပါး၊နှမ်းစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက် တက်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓါတုဓါတ်မြေဩဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။တောင်သူအများစုသည် ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုကြသည်။ ပလတ် စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ဗူးခွံ စသည့် စွန့်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ခြင်းမရှိသောကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

မြန်မာ့စီးပွားရေးဘဏ်မှထုတ်ချေးသောချေးငွေကို တစ်လအတိုးနှုန်း၇၀ပြားတိုး၊တစ်ဧကတစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး၁၀ဧကအတွက်ချေးယူနိုင်သည်။ ကျေးရွာတွင် သမဝါယမချေးယူသူ၊အသေးစားချေးငွေလုပ်ငန်းများတွင်လည်းချေးယူနိုင်သည်။ပုဂ္ဂလိကငွေစုငွေချေး အဖွဲ့အစည်းများတွင်လည်း ချေးငွေကို(၁၂)လအထိချေးယူနိုင်ပြီး ဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငွေပြန်လည်ပေးဆပ်ရေးဆိုင်ရာစည်းကမ်းပိုင်းတွင်တင်းကျပ်ထားသည်။ ကျေးရွာရန်ပုံငွေအဖွဲ့ကို ကျေးရွာမှ အလှူရငွေများဖြင့် လည်ပတ်လျက်ရှိပြီး ကျေးရွာ

သားများအထူးသဖြင့် လည်ပတ်လျှက်ရှိပြီး ကျေးရွာသားများအထူးသဖြင့် လက်လုပ်လက်စားများကို ထုတ်ချေးသည်။ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ဝင်ငွေရလုပ်ငန်း၊ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များအတွက် ချေးယူကြသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်ကျောင်းဆောင်(၂)ဆောင်ရှိပါသည်။အဆောင်(၁)ကို ၁၉၈၃ခုနှစ်တွင် ဆောက်လုပ်ခဲ့ပါသည်။သွပ်မိုး၊အုတ်နံရံကာ အုတ်ခင်း၊တံမံတလင်းခင်းဖြစ်ပါသည်။ယခုအခါ အဆောင်(၁)တွင် မူလတန်းကျောင်းသား/သူ များကိုထားရှိသည်။ကျောင်းသူ/သားများ အတွက်စာသင်ရန်နေရာအဆင်ပြေသော်လည်း ဆရာ/မနေအိမ်များမှာ လုံလောက်မှုမရှိသေးကြောင်းတွေ့ရသည်။ကျေးရွာလူဦးရေ(၉၂%)မှာ ရေးတတ်ဖတ်တတ်ကြသည်။မူလတန်း၊ အလယ်တန်းအောင်ချက်ရာခိုင်နှုန်းလည်းမြင့်မားသည်။ ကျောင်းတွင်ယခုနှစ်ကျောင်းသား/သူဦးရေ(၁၃၃)ဦးရှိပါသည်။ဆရာ/မပေါင်း (၁၀)ဦးရှိပါသည်။ပြီးခဲ့သော်နှစ်များအပါအဝင် ယခုနှစ်တွင်လည်းကျောင်းသူ/များကိုပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့ပါသည်။ ကျန်းမာရေးဝန်ဆောင်မူတို့မှာ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း ရှိပါသည်။ ရွာအနီးတစ်မိုင်ခန့် အကွာ တွင်လည်း ကလေးမြို့တိုက်နယ်ဆေးရုံရှိပါသည်။ဆေးဆိုင်များလည်းရှိပြီး စနစ်တကျသိုလှောင်ထားကြောင်းလည်းတွေ့ရသည်။ ကျန်းမာရေးအတွက် အဆင်ပြေကြောင်းတွေ့ရသည်။ သောက်ရေအတွက် လက်နှိပ် ရေတုံကင်နှင့် မော်တာသုံ:ရေတုံကင်များ တပ်ဆင်သုံးစွဲကြပြီး ရေလုံလောက်မှုရှိပါသည်။ တစ်ရွာလုံးယင်လုံအိမ်သာ သုံးစွဲကြသဖြင့်ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုနည်းသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာစနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသား/သူများအတွက် အသုံးပြုရန် လွယ်ကူသည်။

(ဆ) လူငယ်များနှင့်ယဉ်ကျေးမှု

ကျေးရွာရှိလူငယ်များအနေဖြင့် လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေး ပွဲတော်များတွင်လည်း ရိုးရာအကများဖြင့်တင်ဆက်ပါဝင်ကြပါသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်မှု မြောင်းတူး၊လမ်းဖောက်ခြင်းလုပ်ငန်းများတွင်ပူးပေါင်းပါဝင်မှုများရှိသည်။

(ဇ) အခြေခံအဆောက်အဦဖြစ်သည့် လမ်း၊တံတား၊ လျှပ်စစ်စွမ်း၊ သတင်းနှင့်ဆက်သွယ်ရေး

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော်လည်းမြေသား၊ ကျောက်ခင်းလမ်းကိုကွန်ကရစ်လမ်းအဖြစ်ခင်းပေးရန် ကျေးရွာသူ/သားများကလိုလားနေကြပါသည်။ ရေလမ်းခရီး အသုံးမပြုဘဲလမ်းပန်းဆက်သွယ်ရေးအတွက် စက်ဘီး(၁၃၂)၊ဆိုင်ကယ်(၂၉၂)၊သုံးဘီးဆိုင်ကယ်(၅)၊ထော်လာကျီ၊ကား(၅)၊နွားလှည်း(၅၄)စီးတို့ကို အသုံးပြုလျက်ရှိကြသည်။

မဟာဓါတ်အားလိုင်းကို မသုံးစွဲနိုင်ကြသေးပါ။ဆိုလာဖြင့်အသုံးပြုများကြသည်။တစ်ချို့မီးအိမ်တို့အသုံးပြုသူများလည်းရှိသည်။ ကျေးရွာတွင် ဆက်သွယ်ရေးအတွက် မိုဘိုင်းဖုန်းများကို အသုံးပြုကြသည်။ အိမ်တိုင်း နီးပါးမျှ လက်ကိုင်ဖုန်း အသုံးပြုနေကြပြီးဖြစ်သည်။ ကျေးရွာတွင်အင်တာနက် အသုံးပြုနိုင်မှုမျှအသင့်အတင့် ကောင်းမွန်သည်။တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှာ ကောင်းမွန်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုရှိ၍ ကုန်စည်ရောင်းဝယ်မှုချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးအသုံးများပြီး လိုအပ်သော သတင်းအရင်းအမြစ်များ ဆက်သွယ်သိရှိနိုင်သဖြင့် လုံခြုံမှုအဆင်ပြေသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် မရှိပါ။ ပြည်သူ့လုံခြုံရေးလုပ်ငန်းတွင် ကျေးရွာအရံမီးသတ်တပ်ဖွဲ့ ကောင်းမွန်စွာဖြင့် ဖွဲ့စည်း တာဝန်ပေးပါသည်။

ကျေးရွာတွင် လူကုန်ကူးမှုနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်မရှိပါ။ ခိုးမှု၊ လုယက်မှုစသည့်ပြစ်မှု အကြီးအကျယ်မရှိပေမဲ့ အသေးအဖွေးကိုတော့ ရံဖန်ရံခါရှိတတ်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်စပ်လျဉ်း၍ အရက်သေစာသောက်စားမှုမှအပ အခြားဆေးဝါးသုံးစွဲမှုမရှိပါ။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းနှင့် စိန်ခေါ်မှု

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေ

ကံပုလဲကျေးရွာသည် ပထဝီအနေအထားအရ မြေပန့်ဒေသတွင်တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးအ နည်းငယ်ကောင်းမွန်မှုရှိပြီး သွားလာရလွယ်ကူပါသည်။ ရွာချင်းဆက်လမ်းမှာတော့ အထူးကောင်းမွန်သည် ဟုမဆိုနိုင်ပါ။ကံပုလဲကျေးရွာနှင့်အနီးဆုံးစျေးမှာ ကလေးမြို့၊မြို့မစျေးတွင် ရရှိနိုင်ပါသည်။ အရေးပေါ်တွင် လိုအပ်ပါက် ကလေးမြို့သို့သွားရောက်ဝယ်ယူနိုင်သည်။

ကျေးရွာလူဦးရေအားလုံး၏ ၇၂%မှာ အလုပ်လုပ်နိုင်သည့်အရွယ်များ ဖြစ်ကြသည်။ဘွဲ့ရအရေအတွက်မှာ အတင့်အသင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအားလေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုတို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာအတွင်းတွင် ကျေးရွာပြင်ပနှင့်အတွင်းမှဖွဲ့စည်းထားသောလူထုအခြေပြုအဖွဲ့အစည်းများ အတော်အသင့်ရှိပြီးအဖွဲများ၏ လုပ်ငန်းလည်ပတ်မှုမှာလည်း

အသင့်အတင့်ကောင်းမွန်သည်။စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးစရိတ်ချေးငွေများကြောင့် တောင်သူများ ငွေကြေးလှည့်ပတ်မှုချောင်လည်စေပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြတ့်ဒေသဖြစ်ပြီး မြေဆီဩဇာအသင့်အတင့် ကောင်းမွန်ကြသည်။တောင်သူများသည် လယ်ယာထွန်ကုန်များကို အသင့်အတင့် သယ်ယူပို့ဆောင်ရောင်းချနိုင်သည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ မိုဘိုင်းဆက်သွယ်ရေးကို မိုဘိုင်းနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။

လူမှုရေး၊ပရဟိတ အသင်းအဖွဲ့များရှိပြီး၊ကျန်းမာရေးနှင့်အခြားလူမှုရေး ကိစ္စအဝဝအား ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးကြသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာအနေအထားအရ ယေဘုယျအားဖြင့် အဟန့်အတားစိန်ခေါ်မှုမတွေ့ရှိပါ။ ကျေးရွာအခြေပြုအဖွဲ့အစည်းများကြားမှာလည်း အခက်အခဲမရှိဘဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရှိသည်။ ခေါင်းဆောင်မှုအပိုင်းတွင် စည်းလုံးညီညွတ်စွာဖြင့် ကိုင်တွယ်ဆောင်ရွက်နိုင်သည်။ ကျေးရွာတွင် စိုက်ပျိုးမြေဧရိယာအသင့်အတင့်ရှိပြီး၊ မြေယာမဲ့အိမ်ထောင်စုများကလည်း စိုက်ပျိုးရေးလုပ်ငန်းအပေါ်မှီခိုခြင်း အလုပ်အကိုင်အသင့်အတင့် ရှိပါသည်။

ကျေးရွာတွင် မျိုးကောင်းမျိုးသန့်မရရှိနိုင်ပါ။ မြေဩဇာဓာတုမြှင့်၍ တောင်သူတိုင်းအသုံးမပြုနိုင်ပါ။ ရာသီဥတုဖောက်ပြန်မှုမှအပ သာမန်နှစ်များတွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုအခွင့်အလမ်းကောင်းမွန်ပါသည်။ သီးနှံထုတ်လုပ်မှုတွင် ကြီးမားသောအခက်အခဲမရှိပေမဲ့ ထွန်ယက်ငှားရမ်းခဓာတ်နှုန်းကြီးမြင့်မှုနှင့် သီးနှံဖျက်ပိုးကျရောက်မှုအပိုင်းတွင် အခက်အခဲနှင့် အဟန့်အတားဖြစ်စေပါသည်။ကျေးရွာတွင်ဆင်းရဲသော အိမ်ထောင်စုများသဖြင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး၊စီးပွားရေး၊လူမှုရေးများ နှောင့်နှေးကြန့်ကြာမှုများရှိသည်။

၆။ ပန်းတိုင်နှင့်မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့တို့နှင့် ညှိနှိုင်းလျက်လာမည့် (၅)နှစ်တာကာလ အတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ချမှတ်ပါသည်။

- ❖ ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ခြင်း၊ ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများ ပိုမိုကောင်းမွန်အောင်ဖန်တီးခြင်း၊ အလုပ်အကိုင်ဖန်တီးခြင်း၊ သက်မွေးဝမ်း ပညာသင်တန်းများရရှိခြင်း၊ ၎င်းမှတဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။
- ❖ ကျွန်ုပ်တို့ကျေးရွာလူထုသည် ပညာရေးဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦများတိုးတက် ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် ရွာသားများပညာရည်မြှင့်မားပြီး လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေလျက် လူနေမှုဘဝ တိုးတက်ကောင်းမွန်လာစေရမည်။
- ❖ ကျွန်ုပ်တို့ရွာလူထုသည် စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဇီးချောင်းမှသွယ်တန်းသော လယ်ရေသွင်း မြောင်းအား အဆင့်မြင့်တင် ပြုပြင်ဆောင်ရွက်နိုင်ပါက မိုးစပါး စိုက်ပျိုးသည့် လယ်မြေများ ရေလုံလောက်မှုရှိသည့်အပြင် ကိုင်းမြေများပါမိုးစပါးစိုက်ပျိုးနိုင်သည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသောကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များသို့ ရောက်ရှိရန် အောက် ပါအချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်–

- ❖ ကျေးရွာတွင် ကျေးရွာတံတားနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေး အတွက် ဆောင်ရွက် သွားကြမည်။ကျောင်းဝန်ထမ်းအိမ်ရာတိုးချဲ့ဆောင်ရွက်ရန်လည်း ပြုလုပ်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်း အားပေးမည်ဖြစ်သည်။
- ❖ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်(မဟာဓါတ်အားလိုင်း)ကိုလည်း ဆောင်ရွက်ရန်ဆန္ဒ ရှိသည်။ စာသင်ကျောင်းဝင်းအား အုတ်တံတိုင်းခြံခတ်ရန်အတွက်လည်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၇။ စီမံကိန်းစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

(က) ဦးစားပေးစီမံချက်များ

စီမံချက်အမျိုးအစားအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် တဖက်တွင် ဖော်ပြထားပါသည်။ ယင်းစီမံချက်များကို ကျေးရွာလူထုက နှစ်သက်ရာ အမှတ်ပေးစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံ ချက်များဦးစားပေးအစီအစဉ်ကို ဖော်ပြထားရာ အချို့သော စီမံချက်များကို ရေးဆွဲရာ၌ မြို့နယ်အဆင့်၊ ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်သည်။ ကျေးရွာဖွံ့ဖြိုးရေးအစီအဝေးတွင် သဘောတူချမှတ်ထားသော ဦးစားပေးစီမံချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(ကက) ကံပုလဲ-နှောညောင်ပင်-၃ ယျာဉ်ကျေးရွာချင်းဆက်လမ်းပေါ်ရှိကွန်ကရစ်တံတားဆောက်လုပ်ခြင်း

(ခခ) ကမ္ဘာအေး ဓမ္မာရုံကျောင်းတည်ဆောက်ရန်

(ဂဂ) စာသင်ဆောင်အဟောင်းအားပြုပြင်ရန်နှင့်ဆရာ/မနေအိမ်ဆောက်လုပ်ရန်

(ဃဃ) ရွာတွင်းလမ်းပြုပြင်ရန်နှင့် ရေနုတ်မြောင်းတူးဖော်ရန်

(ငင) စာကြည့်တိုက်တည်ဆောက်ရန်

(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏အချိန်ဇယားကို ဖော်ပြထားပါသည်။ဤအစီအစဉ်ကို နှစ်အလိုက်လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်-

စီမံချက်	အဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁။ ကံပုလဲ-နှောညောင်ပင်-၃ ယျာဉ်ကျေးရွာ ချင်းဆက်လမ်းပေါ်ရှိကွန်ကရစ်တံတားဆောက်လုပ်ခြင်း	၁	✓				
၂။ ကမ္ဘာအေး ဓမ္မာရုံကျောင်းတည်ဆောက်ရန်	၂		✓			
၃။ စာသင်ဆောင်အဟောင်းအားပြုပြင်ရန်နှင့်ဆရာ/မနေအိမ်ဆောက်လုပ်ရန်	၃			✓		
၄။ ရွာတွင်းလမ်းပြုပြင်ရန်နှင့် ရေနုတ်မြောင်းတူးဖော်ရန်	၄				✓	
၅။ စာကြည့်တိုက်တည်ဆောက်ရန်	၅					✓

ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
၁။	ကျန်းမာရေးနှင့်	ကျန်းမာရေးနှင့်မ	ကျန်းမာရေးအခြေခံ	ကျန်းမာရေးအသိရှိ	ကျန်းမာရေးအသိပညာပေး	ကျန်းမာရေးအသိပညာပေး
	ပတ်သက်သည့်	ညီညွတ်သည့်နေထိုင်	အသိရှိခြင်း	သော်လည်း လက်တွေ့	ဟောပြောပွဲများပြုလုပ်၍	ဟောပြောပွဲများပြုလုပ်ခြင်း
	လိုက်နာဆောင်	စားသောက်မှုပုံစံများ		လိုက်နာဆောင်ရွက်မှု	ကျန်းမာရေး အချက်အ	
	ရွက်မှုအားနည်း	ရှိခြင်း		အားနည်းခြင်း	လက်များအားခိုင်မာစွာသ	
	ခြင်း				တင်းပေးဆောင်ရွက်ခြင်း	
					များပြုလုပ်ခြင်း	
၂။	လျှပ်စစ်မီးမရ	ကျေးရွာဆင်းရဲ၍	မဟာဓါတ်အားလိုင်း	လျှပ်စစ်မီးသွယ်တန်းရန်	လျှပ်စစ်မီးရရှိရေးလျှပ်စစ်	ကျေးရွာလျှပ်စစ်မီးတပ်
	ရှိခြင်း	လျှပ်စစ်မီးလက်လှမ်း	ဆွဲသည့်လမ်းဘေး	ရန်ပုံငွေ မတတ်နိုင်ခြင်း	ဌာနနှင့်ချိတ်ဆက်၍ဆောင်	ဆင်ခြင်း
		မီခြင်းမရှိသေးပါ။	တွင်ရွာတည်ရှိခြင်း	လျှပ်စစ်ဌာနနှင့်ချိတ်	ရွက်ခြင်း၊ ရန်ပုံငွေစုဆောင်း	
				ဆက်မှုအားနည်းခြင်း	ရှာဖွေခြင်း	
၃။	လူငယ်များဖွံ့ဖြိုး	လူငယ်များလေ့လာ	လူငယ်များပူးပေါင်း	အသိပညာပေး လမ်းပြ	လူငယ်စိတ်ဓါတ်မြှင့်တင်	လူငယ်ပညာပေးဟောပြော
	မှုအားနည်းခြင်း	သင်ယူရန်အတွက်	ဆောင်ရွက်လိုစိတ်	ဦးဆောင်ပေးသူမရှိခြင်း	ရေးပညာပေးဟောပြောပွဲ	ပွဲများပြုလုပ်ခြင်း
		အခွင့်အလမ်းမရှိခြင်း	ရှိခြင်း		များဆောင်ရွက်ခြင်းနှင့်	အသက်မွေးဝမ်းကျောင်း
					အသက်မွေးဝမ်းကျောင်း	သင်တန်းများဖွင့်လှစ်ခြင်း
					ပညာရပ်များသင်ကြားပေး	
					ခြင်း	

၄။	မွေးမြူရေးမှဝင်ငွေ	စားကျက်မြေလုံ	ဈေးကွက်ရှိခြင်း	နည်းပညာနှင့်ငွေကြေး	ငွေကြေးဝန်ဆောင်မှုများ	မွေးမြူရေးနှင့်ပတ်သက်
	နည်းပြီးစီးပွားဖြစ်	လောက်မှုမရှိခြင်း		ဝန်ဆောင်မှုများမရှိခြင်း	နှင့် နည်းပညာဝန်ဆောင်	သည့်ဝန်ဆောင်မှုနှင့်နည် း
	မမွေးမြူနိုင်ခြင်း	အရင်းနှီးငွေမရှိခြင်း		ချိတ်ဆက်မှုအားနည်းခြင်း	မှုများရရှိအောင်ဆောင်	ပညာများပံ့ပိုးပေးခြင်းချေး
					ရွက်ပေးခြင်း	ငွေများရရှိအောင်ဖန်တီး
						ပေးခြင်း
၅။	ပညာရေးဝန်ဆောင်	ကျောင်းဆရာ/မများ	ကျေးရွာတွင်အ.လ.က	ပညာရေးဌာနနှင့်ချိတ်	ပညာရေးဌာနနှင့်ချိတ်	ဆရာ/မများလုံလောက်စွာ
	မှုအားနည်းခြင်း	လုံလောက်မှုမရှိခြင်း	ကျောင်းရှိခြင်း	ဆက်မှုအားနည်းခြင်းနှင့်	ဆက်၍တင်ပြတောင်း	ရရှိရေးနည်းလမ်းရှာဖွေ
				ကျောင်းသား /သူ ဦးရေ	ဆိုခြင်း၊ကျေးရွာမှ လုပ်	ဆောင်ရွက်ခြင်
				နည်းပါးသော်လည်းအ	အားပေးဆရာမများငှား	
				တန်းစုံရှိခြင်း	ရမ်းခြင်း	
၆။	စိုက်ပျိုးရေးမှ	သီးနှံထွက်ကုန်များ	အလွယ်တကူရောင်း	သီးနှံဈေးမတည်ငြိမ်	စိုက်ပျိုးရေးဌာနနှင့်ချိတ်	စိုက်ပျိုးရေးဌာနမှနည်း
	ဝင်ငွေများလျော့	ဈေးနှုန်းခိုင်မာမှုမရှိ	ချနိုင်ခြင်း	သည့်အချိန်တွင်ဈေး	ဆက်၍နည်းပညာနှင့်မျို း	ပညာနှင့်မျိုးကောင်းမျိုး
	ကျခြင်း	ခြင်းမျိုးကောင်းမျိုး		ကောင်းရသည့်အထိ	ကောင်းမျိုးသန့်များရရှိ	သန့်များပံ့ပိုးပေခြင်း
		သန့်များဈေးကြီးခြင် း		သိုလှောင်ရောင်းချနိုင်	နိုင်ရေးဆောင်ရွက်ခြင်း	
				ခြင်းမရှိခြင်း		

ကံပုလဲကျေးရွာအုပ်စု၊ ကံပုလဲကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမြင့်အောင်	ဦးကံထူး	၅/ကလထ(နိုင်)၀၉၅၀၁၂	၆၆	ဥက္ကဋ္ဌ	၀၉-၂၅၇၁၅၆၉၅၃
၂	ဦးစိန်ကုလား	ဦးမောင်ထွန်း	၅/ကလထ(နိုင်)၀၆၁၂၆၃	၅၅	အတွင်းရေးမှူး	၀၉-၄၀၀၅၄၅၃၇၄
၃	ဦးထွန်းထွန်းနိုင်	ဦးတက်ပု	၅/ကလထ(နိုင်)၁၄၇၃၅၁	၃၉	စာရင်းကိုင်	-
၄	ဦးဆွေမြင့်မောင်	ဦးစိန်လုံး	၅/ကလထ(နိုင်)၀၆၁၁၉၃	၆၁	ဘဏ္ဍာရေးမှူး	၀၉-၂၅၄၅၀၇၃၃၉
၅	ဦးမြင့်ဝေ	ဦးကျော်ညွန့်	၅/ကလထ(နိုင်)၁၃၆၉၃၆	၄၈	သေ့ကိုင်(၁)	၀၉-၂၅၂၉၆၀၁၂၈
၆	ဦးအောင်ထွန်းဝင်း	ဦးကျော်မောင်	၅/ကလထ(နိုင်)၀၉၅၀၀၁	၄၉	သေ့ကိုင်(၂)	၀၉-၂၆၅၁၈၈၇၆၅
၇	ဦးကိုအေး	ဦးမောင်လှ	၅/ကလထ(နိုင်)၁၂၀၉၄၉	၄၃	အဖွဲ့ဝင်	၀၉-၃၃၅၆၈၂၆၈
၈	ဒေါ်ခင်ဝင်းစိန်	ဦးကျော်ညွန့်	၅/ကလထ(နိုင်)၀၆၁၁၉၆	၄၆	အဖွဲ့ဝင်	၀၉-၂၆၅၄၉၂၃၁
၉	ဒေါ်ခင်မူအေး	ဦးအောင်မောင်း	၅/ကလထ(နိုင်)၀၆၁၂၈၉	၄၆	အဖွဲ့ဝင်	၀၉-၄၀၀၅၄၅၃၇၇
၁၀	ဒေါ်မြတ်ရွှေနွယ်	ဦးငလင်း	၅/ကလထ(နိုင်)၁၁၁၈၆၃	၄၂	အဖွဲ့ဝင်	-
၁၁	ဦးနိုင်နိုင်ဆွေ	ဦးအောင်သန်း	၅/ကလထ(နိုင်)၁၅၇၀၄၆	၄၀	အဖွဲ့ဝင်	၀၉-၄၇၀၈၀၆၀၄

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၇	၁၁
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၃၁	၂၆	၅၇
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၄၈	၂၇	၇၅
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃၈	၂၈	၆၆
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၀၈	၃၈၅	၆၉၃
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၃၃	၄၁	၇၄
စုစုပေါင်း		၄၆၂	၅၁၄	၉၇၆
စုစုပေါင်း အိမ်ထောင်စု				၂၂၂

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ၎င်းကျေးရွာတွင် အိမ်ထောင်စု (၂၂၂)စုရှိပြီး လူဦးရေ(၉၇၆)ဦး တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၇၈	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁၁	၀	၀	မြင့် □ လတ် □ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၀	၀	မြင့် □□□□လတ် □□□□နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □□□□လတ် □□□□နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၇	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၂	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၃	၀	၀	မြင့် □ လတ် □ နိမ့် □
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁	၀	၀	မြင့် □ လတ် □ နိမ့် □
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရုပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၇၂	၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၁	၀	၀	မြင့် လတ် နိမ့်
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ၎င်းကျေးရွာတွင် တောင်သူ(၈၉)ဦး၊ကျပန်း(၇၂)ဦး၊ ပန်းရံ၊လက်သမား(၂၇)ဦး၊ အရောင်းအဝယ်(၁၂)ဦး၊ကုန်ထုတ်လုပ်ငန်း(၁)ဦး၊ မွေးမြူရေး(၅)ဦး၊ ပို့ဆောင်ဆက်သွယ်ရေး(၄)ဦး၊ ဝန်ထမ်း(၄)ဦး၊ ပြည်ပ(၁)ဦး၊ မှီခို(၇)ဦး တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၅၀၀၀	၅၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၆၀၀၀	၇၀၀၀	၃၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (လစာ ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ၎င်းကျေးရွာတွင် နေ့စားလုပ်သားများအတွက် ကျား၊မ လုပ်ခနှုန်းထားများ ကွာခြားပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး** **(မှန်ရာတစ်ခုကိုသာ ရွေးရန်)**
လယ်မြေ	၃၀၂.၂၂	ကောင်း ☐ သင့် ☐ ညံ့ ☐
ယာမြေ / တောင်ယာမြေ	၇.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၁.၅၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ကိုင်း / ကျွန်းမြေ	၃၄၁.၅၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ် မြေလပ်	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	၆၆၂.၂၂	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ၎င်းကျေးရွာတွင် လယ်မြေ (၃၀၂.၂၂)ဧက၊ ယာမြေ/ တောင်ယာမြေ(၇)ဧက၊ ဥယျာဉ်ခြံမြေ(၁၁.၅)ဧက၊ ကိုင်း/ကျွန်းမြေ (၃၄၁.၅)ဧက၊ မြေဧကစုစုပေါင်း (၆၆၂.၂၂)ဧက တွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ□□□□ သင့် □□ နည်း□□ မရှိ□□	လွယ်□□ ခက် □ အသုံးမပြုနိုင်ပါ □
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ□□□□ သင့် □□□ နည်း□□ မရှိ□□	လွယ်□□ ခက် □ အသုံးမပြုနိုင်ပါ □
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ□□□□ သင့်□□□□ နည်း□□ မရှိ□□	လွယ်□□□□□□□ခက် □ အသုံးမပြုနိုင်ပါ □
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ□□□□ သင့် □□ နည်း□□ မရှိ□□	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ၎င်းကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများကို အသုံးမပြုနိုင်ပါ။ ကျောက်၊သဲ၊ကျောက်စရစ်များ မရှိပါ။ သဘာဝအပင်မျိုး စိတ်များ အလွယ်တကူရရှိနိုင်ပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ် အလတ်ရှိ သော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ် အလတ်ရှိ သော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၃၀	၆၉	၅၁	၇၂

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ၎င်းကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု(၃၀)၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၆၉)၊ မပြေလည်သော အိမ်ထောင်စု(၅၁)၊ အလွန်မပြေ လည်သော အိမ်ထောင်စု(၇၂)စုရှိကြောင်း တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် –

(c–၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၄	၃	၇
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			၁၇
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			၀
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ၎င်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို(၇)ဦးတွေ့ရှိရပါသည်။ ဆင်းရဲ၍မိသားစုတွင် အမျိုးသမီးဦးဆောင်သောအိမ် ထောင်စု (၁၇)စု ရှိကြောင်း တွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၃	ရေကြီးခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၄	မိုးခေါင်ခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၅	အအေးလွန်ကဲခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၆	မုန်တိုင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၇	ငလျင်	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□

စဉ်	**ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)**	**ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၈	မီးဘေး	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၉	ဆားငန်ရေဝင်မြေ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၂	၄က်ဖျားရောဂါ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၃	တီဘီရောဂါ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၇	လူကုန်ကူးခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် – နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု – လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ၎င်းကျေးရွာတွင် ရေကြီးခြင်းရှိပြီး မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်းနှင့် ငလျင်ဒဏ်၊ မီးဘေးနှင့် မြေပျိုခြင်းတို့မှာ ရံဖန်ရံခါ အနည်းငယ်မျှသာရှိပြီး ၄က်ဖျားရောဂါနှင့် တီဘီရောဂါတို့မှာ ဖြစ်ပွားမှုနည်းပါးကြောင်း တွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၉	ငါးကန်ပိုင်ရှင်များ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၁	လူနည်းစုလူမျိုးများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၄	ရွှေတွင်းလုပ်သားများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၅	ဆေးစွဲသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၈	နေရပ်ပြန် အခြေချသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ထိခိုက်သက်ရောက်လွယ်မှု အနေဖြင့် ထူးခြား လွန်ကဲစွာမရှိဘဲ သာမန်အနေအထားသာရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖအဖွဲ့	၁ ☐ ၂ ☐ ၃ ☐	၇	၀	၇	ပညာရေး☐☐ ငွေကြေး☐☐ ကျန်းမာရေး☐☐ ဘာသာရေး☐☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐
၂	ဆယ်အိမ်မှူးအဖွဲ့	၁ ☐ ၂ ☐ ၃ ☐	၂၀	၄	၂၄	ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐☐ဘာသာရေး☐☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐
၃	ဓမ္မစကူးလ်အဖွဲ့	၁ ☐ ၂ ☐ ၃ ☐	၂	၇	၉	ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐☐ဘာသာရေး☐☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၄	ဂေါပကအဖွဲ့	၁ □ ၂ □ ၃ □	၁၀	၀	၁၀	ပညာရေး□□□ငွေကြေး□□ ကျန်းမာရေး□□□ဘာသာ ရေး□□□ စိုက်ပျိုးမွေးမြူရေး□□ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□□	ကောင်း□□ သင့်□□ ညံ့□□
၅	တောင်သူများအဖွဲ့	၁ □ ၂ □ ၃ □	၅	၀	၅	ပညာရေး□□□ငွေကြေး□□ ကျန်းမာရေး□□□ဘာသာ ရေး□□□ စိုက်ပျိုးမွေးမြူရေး□□ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး□□ လုံခြုံရေးနှင့် ကာကွယ်ရေး□□	ကောင်း□□ သင့်□□ ညံ့□□
၆	မိုးသတ်အဖွဲ့	၁ □ ၂ □□□□□၃ □	၂၇	၀	၂၇	ပညာရေး□□□ငွေကြေး□□ ကျန်းမာရေး□□□ဘာသာ ရေး□□□ စိုက်ပျိုးမွေးမြူရေး□□ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□□	ကောင်း□□ သင့်□□ ညံ့□□

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၇	လူငယ် ပရဟိတအဖွဲ့	၁ ▯ ၂ ▯ ၃ ▯	၁၀	၂၂	၃၂	ပညာရေး▯▯▯ငွေကြေး▯▯ ကျန်းမာရေး▯▯▯ဘာသာ ရေး▯▯▯ စိုက်ပျိုးမွေးမြူရေး▯▯ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ▯ လုံခြုံရေးနှင့် ကာကွယ်ရေး▯▯	ကောင်း▯▯ သင့်▯▯ ညံ့▯▯

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ၎င်းကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင် သော အဖွဲ့(၈)ဖွဲ့ရှိပြီး အဖွဲ့ဝင်(၁၁၉)ဦးရှိကြောင်း တွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	အာရုဏ်ဦး	၁ ▯▯၂ ▯▯၃ ▯▯၄ ▯ ၅ ▯▯၆ ▯▯၇ ▯	ပညာရေး ▯▯ငွေကြေး ▯▯ကျန်းမာရေး ▯▯ဘာသာရေး ▯▯စိုက်ပျိုးမွေးမြူရေး ▯▯သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ▯
၂	ကလေးလွင်ပြင်	၁ ▯▯၂ ▯▯၃ ▯▯၄ ▯ ၅ ▯▯၆ ▯▯၇ ▯	ပညာရေး ▯▯ငွေကြေး ▯▯ကျန်းမာရေး ▯▯ဘာသာရေး ▯▯စိုက်ပျိုးမွေးမြူရေး ▯▯သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ▯
၃		၁ ▯ ၂ ▯▯၃ ▯▯၄ ▯ ၅ ▯▯၆ ▯▯၇ ▯	ပညာရေး ▯▯ငွေကြေး ▯▯ကျန်းမာရေး ▯▯ဘာသာရေး ▯▯စိုက်ပျိုးမွေးမြူရေး ▯▯သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ▯
၄		၁ ▯▯၂ ▯▯၃ ▯▯၄ ▯ ၅ ▯▯၆ ▯▯၇ ▯	ပညာရေး ▯▯ငွေကြေး ▯▯ကျန်းမာရေး ▯▯ဘာသာရေး ▯▯စိုက်ပျိုးမွေးမြူရေး ▯▯သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ▯
၅		၁ ▯▯၂ ▯▯၃ ▯▯၄ ▯ ၅ ▯▯၆ ▯▯၇ ▯	ပညာရေး ▯▯ငွေကြေး ▯▯ကျန်းမာရေး ▯▯ဘာသာရေး ▯▯စိုက်ပျိုးမွေးမြူရေး ▯▯သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ▯
